# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၆)

လူထုအတွက် တရားမျှတမှု ရှာဖွေခွင့်ကို ပိတ်ပင်လိုက်သည့် နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေ ကမ္ဘာမှာ ၁၉၈၅ ခုနှစ်ကစပြီး အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို ပြောင်းလဲသွားတဲ့ နိုင်ငံပေါင်း (၃၀) ကျော်ရှိပါတယ်။ အဲဒီလို ပြောင်းလဲသွားတဲ့ နိုင်ငံတွေအများစုမှာ အာဏာရှင်တွေ အုပ်ချုပ်ခဲ့စဉ်တုံးက ပြည်သူလူထု အပေါ်ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ပြန်လည်ဖေါ်ထုတ်ပြီး အရေးယူဆောင်ရွက်ကြတယ်။ အာဂျင်တီးနားနိုင်ငံမှာလို ပြစ်မှုကျူးလွန်ခဲ့သူတွေအပေါ် ဥပဒေကြောင်းအရ မှုခင်းတွေဖွင့်လှစ်ပြီး တရားရုံးတွေမှာ စစ်ဆေးစီရင်တာတွေရှိသလို၊ ချီလီနိုင်ငံမှာလို ပြစ်မှုကျူးလွန်ခံခဲ့ရသူတွေကို ထိုက်တန်တဲ့ လျော်ကြေးတွေ ပေးခဲ့တာတွေလည်းရှိတယ်။ တောင်အာဖရိကနိုင်ငံမှာလို အမှန်တရားဖေါ်ထုတ်ရေးနဲ့ ပြန်လည်သင့်မြတ်ရေး ကော်မရှင်ရှေ့မှောက်မှာ လာရောက်အစစ်ခံထွက်ဆိုပြီး အမှန်ကိုအမှန်အတိုင်း ဖွင့်ဟဝန်ခံခဲ့ကြတဲ့အတွက် လွတ်ငြိမ်းချမ်းသာခွင့် ရယူသွားခဲ့ကြသူတွေလည်း ရှိပါတယ်။

အာဏာရှင်စနစ် အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကို ပြောင်းလဲသွားတဲ့ နိုင်ငံအများစုကြီးမှာ ဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေအပေါ် ဘာကြောင့် ပြည်ဖုံးကားမချတာလဲ။ အဲသလို ဘာကြောင့် အရေးယူဆောင်ရွက်တာတွေ လုပ်တာလဲ။

ပြည်ဖုံးကားချတယ်ဆိုတာ ဖြစ်ပြီးခဲ့တဲ့ကိစ္စတွေ၊ ကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတွေအပေါ် ဘာတခုမှ အရေးယူဆောင်ရွက်ခြင်းမရှိတာ၊ ဥပက္ခာပြုထားခဲ့တာ၊ တမင် မသိကျိုးကျွန်ပြုထားခဲ့တာ ဖြစ်ပါတယ်။ ဖြစ်ပွား ကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတွေအပေါ် ပြည်ဖုံးကားမချဘဲ အဲဒီနိုင်ငံတွေဟာ သူ့တို့တိုင်းပြည်ရဲ့နိုင်ငံရေး နောက်ခံအခြေအနေအလိုက်၊ အတိုင်းအတာနဲ့ အညီ ဘာကြောင့် အရေးယူဆောင် ရွက်ကြရတာလဲ။ အခြေခံကတော့ တရားမျှတမှုကို ရှာဖွေဘို့ဖြစ်ပါတယ်။

လူ့အဖွဲ့စည်းမှာ အသက်ရှင်ရပ်တည်ကြသူတိုင်းအတွက် တရားမျှတမှုကိုရယူ ဖေါ်ဆောင်ခွင့်ရှိသင့်ပါတယ်။ ပြစ်မှုကျူးလွန်ခံရလို့ သေဆုံးသွားသူတွေ၊ ဘဝနစ်နာပျက်စီးဆုံးရှုံးသွားကြသူတွေနဲ့ သူတို့ရဲ့ မိသားစုတွေအတွက် တရားမျှတမှု ရရှိစေဘို့ ယခင်က ပြစ်မှုကျူးလွန်ခဲ့ကြသူများ၊ လူ့အခွင့်အရေး ချိုးဖေါက်ခဲ့ကြသူတွေအပေါ်အလွယ်တကူ ခွင့်မလွှတ်သင့်။ ပြည်ဖုံးကားမချသင့်ပါ။ ထိုက်သည့်အားလျော်စွာအရေးယူဆောင်ရွက်ဘို့၊ ၎င်းတို့ရဲ့ တာဝန်ရှိမှုကို စနစ်တကျဖေါ်ထုတ်ဘို့၊ နောင်ကို ထပ်မံမကျူးလွန်ရဲအောင် ပညာပေးဘို့၊ ကျူးလွန်ခံခဲ့ရသူများအတွက် ရနိုင်သမျှသော သက်သာခွင့်တွေကို ရှာဖွေပေးဘို့ လိုအပ်ပါတယ်။

ပြင်းထန်စွာ လူ့အခွင့်အရေး ချိုးဖေါက်ခဲ့သူများကို တစုံတရာအရေးမယူဘဲ ထားမယ်ဆိုရင် ခွင့်လွှတ်တဲ့ အစဉ်အလာ ဖြစ်သွားပြီး အနာဂါတ်မှာ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို အလွယ်တကူ ထပ်မံကျူးလွန်စေဘို့ အားပေးသလို ဖြစ်နေမှာ သေချာပါတယ်။ အုပ်ချုပ်ရေးဟောင်းအောက်မှာ ဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် စပ်လျဉ်းပြီး ပြစ်မှုကျူးလွန်သူရော ကျူးလွန်ခံရသူပါ တရားမျှတမှုရရှိရေး အခြေခံပေါ်မှာ ထိုက်သည့်အားလျော်စွာအရေးယူခြင်းဖြင့် အမှန်တရားကို ဖေါ်ထုတ်ရာ ရောက်တယ်။ ဥပဒေစိုးမိုးရေး အခြေခံကိုလည်း ပြန်လည်ချမှတ်နိုင်မှာ ဖြစ်တာကြောင့် ရေရှည်အတွက် ဒီမိုကရေစီ အခြေခံခိုင်အောင် လုပ်ဆောင်ရာလည်းရောက်ပါမယ်။ နောင်တက်လာမယ့် ဒီမိုကရေစီအစိုးရကို လူထုကယုံကြည်မှုရှိပြီး အစိုးရသစ်ရဲ့ အာဏာကို တည်ဆောက်ရာ ရောက်မယ်၊ မှန်ကန်တဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေး အခြေခံကိုလည်း ချမှတ်နိုင်မှာ ဖြစ်ပါတယ်။

အာဏာရှင်စနစ်မှ ဒီမိုကရေစီကို ပြောင်းလဲသွားတဲ့ ဖွံ့ဖြိုးစနိုင်ငံတကယ့်အများစုကြီးမှာ အနိုင်ရသူက ရှုံးသွားသူအပေါ် စီရင်တဲ့နည်းလမ်း (Victor Justice) နဲ့ တရားမျှတမှုကို ရှာဖွေနိုင်ခဲ့ခြင်းမရှိပါဘူး။ နိုင်ငံရေးအရ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ကာ တိုင်းပြည်ပြန်လည်ထူထောင်ရေး တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်ကြရတော့မယ်ဆိုတဲ့ လမ်းကြောင်းကိုတင်လာခဲ့ကြပါတယ်။ အကြောင်းကတော့ အာဏာရှင်များအုပ်ချုပ်မှုအောက်မှာ တိုင်းပြည် ဖွတ်ဖွတ်ကြေ၊ လူတွေ ဘက်ပေါင်းစုံမှ အတိဒုက္ခရောက်နေခဲ့ကြတာ ကြာပြီဖြစ်တာကြောင့် ၎င်းကို အမြန်ဆုံးအဆုံးသတ်ပြီး အသစ်ပြန်စခြင်ကြတဲ့အပေါ်မှာ များသောအားဖြင့် အခြေခံပါတယ်။

ဒီနေရာမှာ အလေးအနက် စဉ်းစားစရာတွေ ပေါ်လာပါတယ်။ အမျိုးသားပြန်လည် သင့်မြတ်ရေးဆိုတာဘာလဲ။ အာဏာရှင်ခေါင်းဆောင်တစုနှင့် အတိုက်အခံ နိုင်ငံရေး ခေါင်းဆောင်တစု ဆွေးနွေးသဘောတူကြရုံနဲ့ စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ရနိုင်ပါ့မလား။ အာဏာရှင်တွေနဲ့ သူတို့ရဲ့ နောက်လိုက်

နောက်ပါတွေ ယခင်ကကျူးလွန်ခဲ့ကြတဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေကို လုံးဝပင် ပြည်ဖုံးကားချလိုက်မှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရရှိမှာလား။ အတိတ်ကာလက ကျူးလွန်ခဲ့ကြသည့် လူ့အခွင့်အရေး ချိုးဖေါက်မှုတွေကို ဘယ်လို ဘယ်ပုံ သဘောထားနဲ့ အရေးယူဆောင်ရွက်သွားကြမယ်ဆိုတဲ့ အချက်ပေါ်မှာ သဘောမတူနိုင်ဘဲနဲ့ စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံကို တည်ဆောက်နိုင်ပ့ါမလား။

လူတဦးခြင်း နိုင်ငံသားတဦးခြင်းစီအတွက် အတိတ်က ဆုံးရှုံးသွားခဲ့တဲ့ တရားမျှတမှုကို ဥပက္ခာပြု၊ ကျူးလွန်ခဲ့ကြသူတွေအပေါ် ဘယ်လိုမှ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ပြည်ဖုံးကားချပြီး အသစ်စတင်တည်ဆောက်သွားကြ မယ်ဆိုရင်၊ အဲဒါဟာ အစဉ်အလာဖြစ်သွားပါလိမ့်မယ်။ နောင်ကို လက်နက်ရှိသူတွေက အာဏာသိမ်းကြ၊ လူထုအပေါ် လူ့အခွင့်အရေး ချိုးဖေါက်မှုများ ပြန်လည်ကျူးလွန်ကြ၊ နိုင်ငံရေးအရ ညှိနိုင်းကာ ပြည်ဖုံးကားချကြနဲ့ သံသရာ လည်နေနိုင်တာကြောင့် တိုင်းပြည် ရေရှည်တည်ငြိမ်မှုကို ခြိမ်းခြောက်မှာ အမှန်ဖြစ်ပါတယ်။

အတိတ်ကာလက ပြင်းပြင်းထန်ထန် လူ့အခွင့်အရေး ချိုးဖေါက်မှု ကျူးလွန်ခဲ့ကြသူများကို တစုံတရာ အရေးမယူပေမယ့် တဦးခြင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ ကျူးလွန်ခံခဲ့ရသူတွေဟာ ဖြစ်ပြီးသမျှတွေကို အလွယ်တကူ မေ့သွားခဲ့ကြလိမ့်မယ်လို့ယူဆရင် အနာဂါတ်မှာ ထပ်မံပြဿနာဖြစ်လာစေမယ့် မျိုးစေ့ကို ချမှတ်လိုက်သလိုဖြစ်ပါလိမ့်မယ်။

တကယ်စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ လူ့အခွင့်အရေး ကျူးလွန်ချိုးဖေါက်ခံခဲ့ရတဲ့ ပြည်သူတွေအတွက် တရားမျှတမှုကို ရနိုင်သလောက် တစုံတရာ ပြန်လည်ရှာဖွေပေးပြီး ကျူးလွန်ချိုးဖေါက်သူတွေနဲ့ ခံခဲ့ရသူတွေအကြားမှာ အာဃာတ တရားတွေ ပြေလည်တန်သလောက်ပြေသွား၊ လူ့အဖွဲ့အစည်းမှာ အတူတကွ သင့်သင့်မြတ်မြတ် ငြိမ်းငြိမ်းချမ်းချမ်းပြန်လည် နေထိုင်နိုင်ကြမယ့် အခြေအနေမျိုးကို ဆိုလိုပါတယ်။

အာဏာရှင်စနစ် အုပ်ချုပ်မှုဟောင်း အောက်ကနေ ဒီမိုကရေစီကို ကူးပြောင်းသွားစေမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေမျိုးဖြစ်တယ်ဆိုရင် လူ့အခွင့်အရေးကြီးကြီးမားမား ချိုးဖေါက်ခံခဲ့ရတဲ့ ပြည်သူလူထုအတွက် တရားမျှတမှုရရှိရေး အခြေခံကနေ အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်နိုင်ဘို့ အုတ်မြစ်ချပေးရပါမယ်။ ဖြစ်ပွားပြီးခဲ့သမျှ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ဘယ်လိုမှ ပြန်လည်အရေးယူလို့မရအောင် ပြည်ဖုံးကားချလိုက်တာ မျိုးဆိုရင်တော့ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အာဏာရှင်စနစ်အုပ်ချုပ်မှုဟောင်း တခုကနေ အာဏာရှင်စနစ် အုပ်ချုပ်မှု သစ်တခုဆီကို ထပ်မံအုပ်မြစ်ချပေးလိုက်တဲ့ သဘောသာ ဖြစ်ပါလိမ့်မယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းဟာ အဲဒီအတိုင်း အတိအကျဖြစ်နေပါပြီ။ ဘာကြောင့် ဒီလိုပြောပါသလဲ။

၂၀၀၇ ခုနှစ် ဩဂုတ်လမှာ နအဖ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ အမျိုးသားညီလာခံက ချမှတ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမူများစါအုပ်ရဲ့ အခန်း (၁၄) ကူးပြောင်းရေးကာလ ပြဌာန်းချက်များ အခန်း၊ အပုဒ် (၄) မှာ အောက်ပါအတိုင်းပြဌာန်းထားပါတယ်။

ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒ လမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေငြာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။

ဒါပေမယ့် နအဖ က ဧပြီလ(၁၀) ရက်နေ့မှာ အတည်ပြုထုတ်ပြန်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပုဒ်မ (၄၄၅) မှာ အောက်ပါအတိုင်းပြဌာန်းထားတာကို တွေ့ရတယ်။

ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေငြာချက်များကို လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို လည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့ ၊ သို့မဟုတ် အဖွဲ့ဝင်တဦးဦး ၊ သို့မဟုတ် အစိုးရအဖွဲ့ဝင် တစ်ဦးဦး၏ တာဝန်အရဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျှက် ယင်းတို့အား တရားစွဲဆိုခြင်း အရေးယူခြင်း မရှိစေရ။

အထက်ပါ ပြဌာန်းချက်နှစ်ခုကို နှိုင်းယှဉ်လေ့လာကြည့်ပါ။ လုံးဝကွာခြားသွားတဲ့ အချက်ကိုတွေ့ရပါလိမ့်မယ်။ အဲဒါကတော့ နဝတ က စတင်လို့ နအဖလက်ထက်တလျှောက်လုံးမှာ ဖြစ်ပွားပြီးသမျှဖြစ်ရပ်တွေနဲ့ စပ်လျှဉ်းပြီး သူတို့စစ်ခေါင်းဆောင်တွေအပေါ် တရားစွဲဆိုအရေးယူခြင်းမရှိစေရဆိုတဲ့ ပြဌာန်းချက် ဖြစ်ပါတယ်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းစကားနဲ့ ဆိုရင် **“တော်ပါပေ့ကွယ်”** လို့ပြောရမလိုပါဘဲ။ ဘာကြောင့်လဲ ဆိုတော့ အဲဒီပြဌာန်းချက်ဟာ ဖြစ်ပွားခဲ့ပြီးသမျှ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို မေ့ပစ်ဘို့၊ ပြစ်မှုကြီးတွေ ကျူးလွန်ပြီးခဲ့သမျှတွေအပေါ် လွတ်ငြိမ်းချမ်းသာခွင့်ပေးဘို့နဲ့ မတရားမှုလုပ်ထားခဲ့သမျှတွေ တရားဝင်အောင်လုပ်ပြီး ပြည်ဖုံးကားချဘို့ နအဖက ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့် အပြည့်အဝပေးထားတဲ့ အဓိပ္ပါယ်ဆောင်တာကြောင့်ပါဘဲ။

မြန်မာနိုင်ငံအတွင်း ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးချိန်ကစလို့ စစ်အာဏာရှင်တွေ ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုကြီးပေါင်း မြောက်များစွာရှိပါတယ်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအရ လုံးဝကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလို့မရတဲ့ ပြစ်မှုကြီးတွေလဲပါဝင်ပါတယ်။ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့အတွက် လျှော့လျှော့ပေါ့ပေါ့ သဘောထားတယ်ဆိုရင်တောင်မှ ဘဝနစ်နာပျက်စီးဆုံးရှုံးသွားခဲ့ရတဲ့ ပြည်သူတွေကို ပြန်လည်ကုစားပေးနိုင်ဘို့အတွက် ထိုက်သည့်အားလျော်စွာ အရေးယူဆောင်ရွက်ဘို့ လိုပါတယ်။ ဒါပေမယ့် အဲဒီ ပြဌာန်းချက်ဟာ ခံစားခဲ့ရတဲ့ လူထုတွေ အတွက် ဘာတခုမှ အရေးယူဆောင်ရွက်လို့ မရတော့အောင်ကို အပြီးသတ် ပိတ်ပင်လိုက်ရာ၊ ပြည်ဖုံးကားချလိုက်ရာ ရောက်ပါတယ်။

ပိုပြီးဆိုးတဲ့အချက်က ဒီလို ပြည်ဖုံးကားချတဲ့ ပြဌာန်းချက်မျိုး၊ ထည့်သွင်းရေးကို အမျိုးသားညီလာခံမှာ တလုံးမှမဆွေးနွေးခဲ့၊ အခြေခံမူထဲမှာလည်း တကြောင်းတပါဒမှ မပါဘဲ၊ နအဖက သူ့သဘောနဲ့ သူ ထည့်ရေးပြီး လူထုကို အတည်ပြုခိုင်းတာ ဖြစ်ပါတယ်။ ဂုဏ်သိက္ခာရှိတဲ့ အစိုးရတရပ်သာဆိုရင် ဒီလို ခိုးကြောင်ခိုးဝှက် လုပ်တဲ့ အလုပ်မျိုး၊ လူထုအပေါ် ခပ်ပြောင်ပြောင် တပတ်ရိုက်မယ့် အလုပ်မျိုးကို ဘယ်တော့မှ လုပ်လေ့လုပ်ထ မရှိပါ။

လူထုအတွက် တရားမျှတမှု ရှာဖွေခွင့်မရနိုင်စေမယ့် ဒီလို ပြဌာန်းချက် မျိုးတွေနဲ့ ပြည့်လျှမ်းနေတဲ့ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ၊ အာဏာရှင် အုပ်ချုပ်မှုဟောင်း တခုကနေနောက်ထပ် အာဏာရှင်အုပ်ချုပ်မှု သစ်တခုကိုသာ ခိုင်ခန့်စွာပေါ်ပေါက်လာစေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးကို လူထုအနေနဲ့ ကန့်ကွက်မဲပေးရန်သာ ရှိတဲ့အကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။